# (၁၀၃)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ ထုတ်ပြန်ချက်

၁။ အမျိုးသားနေ့ဆိုသည်မှာ မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် အရေးပါသည့် နေ့ရက်တစ်ရက် ဖြစ်သည်။ ကိုလိုနီနယ်ချဲ့တို့ လက်အောက်ကျရောက်စဉ် နယ်ချဲ့အစိုးရ၏ ကျွန်ပညာရေးစနစ်ကို အသက်သွင်းရန် ထုတ်ပြန်ခဲ့သော ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ၁၉၂၀ပြည့်နှစ်၊ ဒီဇင်ဘာ (၅) ရက်နေ့တွင် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆန်(ယုဒသန်) ကောလိပ်ကျောင်းသားများက ကန့်ကွက်သပိတ်မှောက် ဆန့်ကျင်ခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများစွာအနက်မှ အမျိုးသားရေး နိုးကြားတက်ကြွမှု ဖြစ်လာစေသည့် ကျောင်းသားများ သပိတ်မှောက်သည့်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ အမျိုးသားနေ့ကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်နေ့တွင် ကျင်းပ ပြုလုပ်လေ့ ရှိသည်။

၂။ ထိုသို့ အမျိုးသားနေ့ ကျင်းပရာတွင် မျိုးချစ်စိတ်ထက်သန်ရေးနှင့် နယ်ချဲ့အင်္ဂလိပ် အစိုးရ ဆန့်ကျင်ရေးလုပ်ငန်းများအတွက် စည်းရုံးလှုံ့ဆော် အဓိဋ္ဌာန်ပြုခြင်းဖြင့် အမျိုးသားရေး စိတ်ဓာတ်များ တက်ကြွလာစေပြီး နယ်ချဲ့အစိုးရ ဆန့်ကျင်ရေးလုပ်ငန်းများ အရှိန်မြင့်လာသည်။ ထိုစိတ်ဓာတ်ကပင် အမျိုး သားလွတ်မြောက်ရေးလှုပ်ရှားမှုများကို လွတ်လပ်ရေးရသည်အထိ ဦးဆောင် သွားခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနွေဦးတော်လှန်ရေးတွင်လည်း မြန်မာ့ပြည်သူများအနေဖြင့် အကြမ်းဖက်စစ်ကောင်စီကို အမျိုးသားနေ့ လှုပ်ရှားမှုရဲ့ ဝိသေသထူး တစ်ခုဖြစ်သည့် သပိတ်မှောက်ခြင်း ၊ ငြင်းဆန် (Public CDM) များဖြင့် သပိတ် တိုက်ပွဲများဖော်ဆောင်ကာ စစ်အာဏာရှင်ချုပ်ငြိမ်းသည့်အထိ သပိတ်တိုက်ပွဲများအား နည်းမျိုးစုံဖြင့်ဆင်နွှဲကာ အဓမ္မအုပ်စိုးသူ လူတန်းစားရဲ့ အုပ်ချုပ်ရေးယန္တရားကို CDM လုပ်ခြင်း၊ သပိတ်မှောက်ခြင်းအပြင် စစ်တပ် ထုတ်ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို အသုံးမပြုခြင်းများဖြင့် သပိတ် မှောက်ဆန့်ကျင်ခဲ့တဲ့ အမျိုးသားအောင်ပွဲနေ့ အဓိဋ္ဌာန်ကို ထုံကူးရယူကာ ယခု (၂၀၂၃)၊ နွေဦးတော်လှန်ရေးမှာလည်း ပြည်သူလူထုတစ်ရပ်လုံးက အထွေထွေ "သပိတ်" တိုက်ပွဲများကို တညီတညွတ်တည်း အရှိန်မြှင့် ဆင်နွှဲကြပါစို့လို့ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

Women Lead Resource Center (WLRC)

Magway Region Human Rights Network (MHRN)

Youth Empowerment (YE)